ရန်အောင်
စာပေ

# တာဝန်ထက်က ဂုဏ်သိက္ခာ

နှင့်အခြားဆောင်းပါးများ

ညိုအောင်ညို

## ပုံရိပ်ကောင်းများ ထွက်စေချင်

ပြီးခဲ့သည့် (၆၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားရင်း အင်အားမရှိသေးသည့် NLD ပါတီကို "အင်အားပွားပေးဖို့ရာ" မေတ္တာရပ်ခံခဲ့လေသည်။ ထိုမေတ္တာရပ်ခံချက်သည် အရှိကိုအရှိအတိုင်း ဖွင့်ဟပြခဲ့သော အဖွဲ့ချုပ်ဥက္ကဋ္ဌ၏ "ရိုးသားစွာဖြင့်" မေတ္တာရပ်ခံခြင်းဟု မြင်မိပါသည်။

၂၀၁၀ ရွေးကောက်ပွဲမှစ၍ ကျွန်တော်တို့လူမှုပတ်ဝန်းကျင်တွင် ကာလအတန်ကြာ ကွယ် ပျောက်နေသောပါတီများစွာ အသီးသီးပေါ်ပေါက်လာခဲ့သည်။ ပါတီသစ်တွေလည်း ထူထောင်ကြ သည်။ ကျင်းပပြီးစီးခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲတွင်အထိ ပါတီများစွာလူထုကြားတွင် ထင်ရှားပေါ် ပေါက်လာသည်မှာ အားလုံးအသိပင်ဖြစ်သည်။ "ပါတီအသီးသီး၏ မူဝါဒနှင့် လမ်းစဉ်များသည်"လည်း အားလုံးကိုယ်စီကောင်းကြပါသည်။ ပါတီများဖွဲ့စည်းထူထောင်ပြီးသည့်အခါတွင် ပါတီအတွက် အလုပ် လုပ်ပေးကြမည့် "ပါတီဝင်"များ လိုအပ်လာပါသည်။ လမ်းစဉ်ကောင်းကောင်း၊ မူဝါဒကောင်းကောင်းဖြင့် ချမှတ်ထူထောင်ထားသော ပါတီများအနေဖြင့် ပါတီဝင်များခွင့်ပြုရာတွင် "အရေအတွက်နှင့် အရည်အသွေး"မည်သည့်အချက်ကို ဦးစားပေးရှေ့တန်းတင်ရမည်ကို ကွဲကွဲပြားပြား နားလည်ထား သင့်ပေသည်။

ကျွန်တော်တို့၏ ရပ်ထဲရွာထဲတွင် တရားဝင်ပါတီများ ဖွဲ့ခွင့်ပြုလိုက်သောအခါ လူပေါင်းစုံ ကြိုက်နှစ်သက်ရာပါတီများသို့ ဝင်ရောက်ကြသည်။ "နိုင်ငံရေးစိတ်ဓာတ်၊ နိုင်ငံရေးအသိဖြင့်" တချို့က ပါတီဝင်ဖြစ်ကြသည်။

ထိုသူများကို အပြစ်ပြောဖွယ်ရာမရှိပါ။ တချို့က "တိုင်းကျိုးပြည်ပြုကိစ္စများ"တွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ကြလို၍ ပါတီဝင်ကြသည်။ ထိုသူများကိုလည်း အပြစ်မပြောလိုပါ။ ရပ်ကွက်ထဲတွင် တချို့ပေါ်ပင်စိတ်ဓာတ်ဖြင့် နာမည်ကြီးပါတီများသို့ ဝင်ကြသည်။ ရပ်ကွက်ထဲရှိ လူအများက ပြော မနိုင်ဆိုမနိုင် ဖြစ်နေ၍ "ဥပေက္ခာပြုခံထားရသူ" များကလည်း သူနှစ်သက်ရာပါတီထဲဝင်၍ ဟိုစပ်စပ် ဒီစပ်စပ်နေရာယူနေကြလေသည်။ "ပါတီပုံရိပ်"ကို ထိခိုက်စေနိုင်သူများကို မည်သည့်ရည်ရွယ်ချက်များ ဖြင့် ပါတီဝင်ခန့်အပ်သည်ကိုတော့ နားလည်ပေး၍ မရဆုံးပင်။

ကျွန်တော်တို့ ရပ်ကွက်များနည်းတူ တခြားမြို့ရွာများတွင်လည်း ပေါ်ပင်သမားများ ရှိကောင်း ရှိနိုင်ပါသည်။ "ပါတီဝင်ခြင်း မဝင်ခြင်း"သည် ၎င်းတို့၏ အခွင့်အရေးများဖြစ်သောကြောင့် ဝင်ရောက် စွက်ဖက်၍ မကောင်းသော်လည်း ပါတီဖြစ်ပါလျှက် "ပါတီစိတ်မရှိသူများ၊ ပါတီစိတ်မမွေးနိုင်သူများ" ပါတီထဲတွင် မရှိသင့်ပါ။ ပါတီဝင်ဖြစ်နေသော်လည်း "ယခင်အကျင့်ဆိုးများ"ဖြင့် လူထုကြားထဲတွင် နေထိုင်နေကြဦးမည်ဆိုလျှင် ပါတီပုံရိပ်ကို ထိခိုက်နိုင်လေသည်။ ပါတီတွင် တာဝန်ရှိသူများအနေဖြင့် မိမိပါတီအင်အားတိုးပွားဖို့ချည်းသက်သက် ကြည့်နေ၍ မရပေ။ ပါတီ၏ မူဝါဒလမ်းစဉ်များနှင့်အညီ အများပြည်သူအကျိုးကို ဆောင်ရွက်သယ်ပိုးလိုသောစိတ် ရှိသူများကို ပါတီဝင်အဖြစ် ခန့်အပ်သင့်လေ သည်။

ပါတီဝင်တိုင်းကို မကောင်းဟူ၍ စွပ်စွဲပြောဆိုနေခြင်းမဟုတ်ပါ။ ကောင်းမွန်မှန်ကန်သော ပါတီ များ၏ ပုံရိပ်များကို မထိခိုက်စေလိုသောကြောင့် ပါတီဝင်ရွေးချယ်ရာတွင် မှန်ကန်မှုရှိစေရန် ရည်ညွှန်း ခြင်းသာဖြစ်ပါသည်။ သို့မှသာ ပါတီကိုခုတုံးလုပ်၍ "အာဏာအလွဲသုံးစားလုပ်သူများ"ပါတီနောက်ခံကို အသုံးချ၍ ကိုယ်ကျိုးရှာသူများ" "ပါတီအရှိန်ဖြင့် ဥပဒေမဲ့ပြုမူမှုများ" နည်းပါးသွားပါလိမ့်မည်။ ပြည်သူ့ အတွက် ဖွဲ့စည်းထားသော ပါတီများအနေဖြင့် ပြည်သူလူထုကို အထိတ်တလန့်ဖြစ်အောင် မလုပ်မိစေ ဘဲ ပြည်သူလူထု၏ အားကိုးရာသာ

အမြဲဖြစ်နေသင့်ပါသည်။

နိုင်ငံအတွက်၊ ပြည်သူအတွက် မိမိလေးစားအားကျရာ ပါတီများသို့ ရည်ရွယ်ချက်ကောင်းများ ဖြင့် ဝင်ရောက်ကြသူများရှိသလို ကိုယ်ကျိုးအတွက်၊ ဂုဏ်သိက္ခာအတွက် ပါတီဝင်ကြသူများလည်း ရှိ နေလေသည်။ ပေါ်ပင်အကြိုက်လိုက်၍ သာကူးပါတီဝင်ကြသူများလည်း ရှိလေသည်။ "မှတ်ပုံတင်မရှိ သော်လည်း ပါတီဝင်ကတ်ဖြင့် ခရီးသွားလို့ ရနေသည့်သူများကို"လည်း တွေ့ခဲ့ဖူးသည်။ ပါတီဝင်ဖြစ် လို့ဖြစ်မှန်းမသိခဲ့ကြသူများကိုလည်း တွေ့ခဲ့ဖူးသည်။ မိမိပါတီမဲရရေးအတွက် မပေးသင့်သော အခွင့် အရေးများကိုပေးခဲ့သော ဖြစ်ရပ်တွေလည်း ရှိခဲ့ဖူးသည်။ အတိတ်တွင် မည်သို့ရှိစေကာမူ အနာဂတ် အတွက် ပါတီဝင်ရွေးချယ်ရာတွင် အရေအတွက်ထက် အရည်အသွေးကို ဦးစားပေးရွေးချယ်ရန် လိုအပ်လာပြီဖြစ်သည်။

ပါတီတိုင်း၏ မူဝါဒများသည် ကောင်းမွန်ကြလေသည်။ ပါတီ၏ မူဝါဒထက်၊ ပုဂ္ဂိုလ်စွဲများ၊ ပါတီစွဲများ ပါလာသည့်အခါ စောင်းမြောင်းပြောဆိုခြင်းများနှင့် သူ့ထက်ငါအပြိုင်အဆိုင် ပုတ်ခတ်ပြောဆိုတတ်ကြသော ရပ်ရွာထဲက အကျင့်ဆိုးတွေ ဝင်ရောက်လာပါသည်။ ထိုသို့မကောင်း သည့်စိတ်ထားများနှင့် ပါတီစွဲများဝင်လာသည့်အခါတွင် ဒီမိုကရေစီစိတ်ထားများ လွင့်စဉ်သွားတတ် သောကြောင့် လူထုကြားထဲရှိ ပါတီပေါင်းစုံမှ သတိပြုပြောဆိုနေထိုင်တတ်ရပေမည်။ လွှတ်တော်ထဲ တွင် ပါတီပေါင်းစုံမှ အမတ်များ၊ ကိုယ်စားလှယ်များ တရင်းတနှီးလက်ဆွဲနှုတ်ဆက်နေကြသော်လည်း ရပ်ထဲရွာထဲတွင်တော့ ပါတီချင်းမတူလျှင် မကြည်မဖြူ ဖြစ်နေတုန်းပင်။ ဒီမိုကရေစီလမ်းကြောင်းပေါ် တွင် လျှောက်လှမ်းနေကြသူများအနေဖြင့် အစွဲပေါင်းစုံကို ခါချနိုင်ဖို့ သတိပြုရပါတော့မည်။

ပါတီသို့ဝင်ရောက်ရသည့် ရည်ရွယ်ချက်ကိုလည်းမသိ၊ ပါတီနှင့်ရေရှည်ပူးပေါင်းဆောင်ရွက်လို သော ရည်ရွယ်ချက်လည်း တိတိကျကျမရှိပါဘဲနှင့် ပါတီဝင်ဖြစ်နေကြသူများကို တွေ့ရသောအခါ အံ့ဩမိသည်ကတော့ အမှန်ပင်။ ထွန်းကားစ ဒီမိုကရေစီနိုင်ငံတစ်ခုတွင် ပေါ်ပင်လူသားများ ပေါ် ပေါက်လာတတ်သည်မှာ ဓမ္မတာတစ်ခုပင်ဖြစ်ပါသည်။ "မူ"အရ ကောင်းမွန်ပြီးသော ပါတီများအနေဖြင့် "လူ"များကောင်းမွန်စေရန် ရွေးချယ်တတ်ရပါလိမ့်မည်။ အရေအတွက်များရုံမျှဖြင့် ပါတီကောင်းဖြစ်နိုင် ဦးမည်မဟုတ်ပါ။ ပါတီအတွင်းရှိ လူများ၏ အရည်အသွေးကောင်းမွန်စေဖို့ ဦးတည်ရပါမည်။

ပါတီအတွက် တကယ်အလုပ်လုပ်နေကြသောသူများကိုလည်း တွေ့ခဲ့ရသည်။ တကယ့်ကို ချီးကျူးစရာပင်။ ပါတီကိုအကြောင်းပြု၍ မြောက်ကြွမြောက်ကြွ ဖြစ်နေကြသောသူများကိုလည်း တွေ့ခဲ့ ရသည်။ ပွင့်လင်းလာပြီဖြစ်သော ကျွန်တော်တို့မြန်မာနိုင်ငံတွင် ပြည်သူပြည်သားများအနေဖြင့် နိုင်ငံ ရေးမျက်စိ အတော်အသင့်ပွင့်နေကြပြီဖြစ်သည်။ မည်သည့်ပါတီက အလုပ်တကယ်လုပ်ပြီး မည်သည့် ပါတီက ဟန်ပြလုပ်နေသည်ဆိုသည်ကို လေ့လာနေကြပြီဖြစ်သည်။ မြင်တွေ့နေကြပြီဖြစ်လေသည်။

ပြည်သူများ၏ ရင်ထဲနှလုံးသားထဲတွင် စွဲထင်ကျန်ရစ်စေနိုင်သော ပါတီများဖြစ်နိုင်ရန် ပါတီ တိုင်းက ကြိုးစားရမည်ဖြစ်သည်။ ၂၀၁၅ တွင် ရွေးကောက်ပွဲကြီးက ပါတီများကို စောင့်ကြိုလျက်နေ လေသည်။ မိမိပါတီ၏ ဂုဏ်သိက္ခာနှင့် ပါတီ၏ ပုံရိပ်ကိုထိခိုက်စေနိုင်သော အပြုအမူ၊ အပြောအဆို များကို ရှောင်ကြဉ်တတ်ဖို့ လိုအပ်နေလေပြီ။ ပါတီဝင်စုဆောင်းရာတွင်လည်း စနစ်ရှိရှိ၊ စည်းရှိရှိဖြင့် ရွေးချယ်ခန့်အပ်ရန် လိုအပ်လာပြီဖြစ်သည်။

အရည်အသွေးကောင်းဖို့သည်မှာ စိတ်ဓာတ်ကောင်းဖို့ပင် ဖြစ်လေသည်။

ကောင်းမွန်သော စိတ်သဘောထားနှင့် ကောင်းမွန်သောစိတ်ဓာတ်များသည် ပါတီနှင့်နိုင်ငံအတွက် လွန်စွာအကျိုးပြုပါ သည်။ ပါတီနှင့်နိုင်ငံအတွက် ပုံရိပ်ကောင်းများစွာ ထွက်ရှိစေပါသည်။ ပါတီတစ်ခုသို့ ဝင်ရောက်ကြ သော သူများသည်လည်း စိတ်ဓာတ်ကောင်းများစွာမွေး၍ ပါတီနှင့်နိုင်ငံအတွက် အလုပ်လုပ်သောသူ များသာဖြစ်သင့်လေသည်။ သို့မှသာ နိုင်ငံနှင့်ပြည်သူ

သူများအတွက် အကျိုးပြုသောသူများဖြစ်ပေလိမ့် မည်။ ပါတီများ၏ ပုံရိပ်များကောင်းမွန်စေဖို့ စိတ်ဓာတ်ကောင်းများမွေး၍ ပါတီနှင့်နိုင်ငံအတွက် မှန်ကန် ကောင်းမွန်သောလုပ်ရပ်များ လုပ်နိုင်ကြပါစေဟု ဆန္ဒပြုပါသည်။ ပုံရိပ်ကောင်းများ ထွက်နိုင်ကြပါစေ။

**Thd Daily Eleven သတင်းစာ၊ ဇူလိုင် ၂၅ ရက်၊ ၂၀၁၃။**

***

## ခေါက်ရိုးလေးတွေ ဖြေပေးပါ

'Ban The Scene' (အဲဒီ အခန်းဖြတ်)ဆိုသော ဇာတ်လမ်းတိုလေးကို လူတိုင်းကြည့်ဖူးကြပါလိမ့် မည်။ အထက်လူကြီးများကိုကြောက်ပြီး မိမိရာထူးကျမည်ဆိုးသောကြောင့် စာဒကတက်လာသော စကားများကို ပယ်ချတတ်သောလောကတစ်ခုအကြောင်းကို သိသာထင်ရှားစွာ ရိုက်ပြထားသော ဇာတ်လမ်းတိုလေးဖြစ်ပါသည်။

ဌာနပေါင်းစုံ၊ ကုမ္ပဏီမျိုးစုံတွင် ရာထူး အနိမ့်၊ အမြင့်၊ စီနီယာ၊ ဂျူနီယာ၊ အလုပ်ရှင်၊ အလုပ် သမားစသည်ဖြင့် ရာထူးမျိုးစုံနေရာမျိုးစုံ ရှိတတ်ကြသည်။ မြန်မာပြည်ဝန်ထမ်းလောကတွင် မိမိ၏ အထက်အရာရှိစကားကို "ကြိုက်ကြိုက် မကြိုက်ကြိုက်" လိုက်နာနေရသည့်ဓလေ့သည် "ခေါက်ရိုး ကျိုး"နေလေပြီ။ များသောအားဖြင့် စာဒကတက်သော အကျိုးသင့်အကြောင်းသင့် ရှင်းလင်းတင်ပြ တတ်သော ဝန်ထမ်းမျိုးဆိုလျှင် အထက်လူကြီးများက အမြင်မကြည်မလင်ဖြစ်တတ်ကြသည်။ ထိုသို့ သော အမြင်မကြည်လင်မှုမျိုးက ဝန်ထမ်းတစ်ယောက်ကို ရပ်ဝေးသို့ လွင့်စင်သွားစေတတ်သလို ရာထူးတိုးမှုကို နှောင့်နှေးသွားစေတတ်သည်။ နောက်ဆုံးအဆင့် အနေဖြင့် အလုပ်ပါပြုတ်သွားစေနိုင် ပေသည်။

"ဘူးပေါက်သည်ကိုမလို ရေပါသည်"ကိုပဲ မြင်ချင်ကြသော လူကြီးတချို့ကြောင့် ရေပါဖို့အရေး အမြဲတွေးနေရသော ဝန်ထမ်းများ၏ "ကောင်းမွန်မှန်ကန်သော အသိဉာဏ်များ" ဆုံးရှုံးသွားခြင်းသည် "နိုင်ငံတော်၏ အားအင်"ဆုံးရှုံးသွားခြင်းပင်ဖြစ်ပါသည်။ နိုင်ငံဝန်ထမ်း ကုမ္ပဏီဝန်ထမ်းဆိုသည်မှာ လည်း သူ၏ နောက်တွင် သူ့ကိုမှီခိုနေသူမိသားစုရှိသည်။ သူ၏ မိသားစု

ရပ်တည်နိုင်ရေးအတွက် "ရေ ရအောင် ခပ်နိုင်ဖို့"က အရေးကြီးပြီး အခြားအရာများကို မေ့ထားရပါတော့သည်။ ဖွင့်ချင်နေသော သူ၏ နှုတ်ကိုပိတ်ထားရပါတော့သည်။ ထိုဝန်ထမ်းကို အထက်ကဆူခဲ့ပြီဆိုလျှင် ထိုဝန်ထမ်းနှင့် ဆက်ဆံနေ ရသော "ပြည်သူများလည်း"အညစ်ခံရပါတော့သည်။

"မဟုတ်မခံ ခွန်းတုံ့ပြန်၊ မှန်သော်လည်းရှုံး လူကြီးမုန်း"ဆိုသောစကားလိုပင် လက်အောက်ငယ် သားများ၏ ဘဝက "ပေးဆပ်မှု"တွေ များစွာနှင့်ပင်။ ပွင့်လင်းလာပြီဖြစ်သော ကျွန်တော်တို့ ဒိမိုကရေစီ နိုင်ငံတွင်လည်း အမိန့်ဆိုလျှင် မှန်မှန် မမှန်မှန် တသွေမသိမ်းလိုက်နာတတ်သောဝန်ထမ်းတွေလည်း ရှိသည်။ မိမိ၏ ထင်မြင်ယူဆချက်ကို ပြောဆိုခွင့်မရှိသော၊ ပြောဆိုချင်ပါလျက်နှင့် မပြောရဲကြသော ဝန် ထမ်းများလည်းရှိသည်။ ဌာနအတွက် နိုင်ငံအတွက် "သေချာပေါက် အကျိုးရှိမည်ဖြစ်ပါလျက်" မတင် ပြရဲ မပြောဆိုရဲဖြစ်ရလောက်အောင် "အကြောက်တရားတွေက" ဝန်ထမ်းအချို့ကို ဖုံးလွှမ်းထားလေ သည်။ အကြောက်တရားတွေ ဆက်၍ လွှမ်းမိုးနေဦးမည်ဆိုလျှင် နိုင်ငံတိုးတက်ဖို့ရာ "နှောင့်နှေး"နေဦး မည်ဖြစ်ပါသည်။

မြန်မာစာ ပင်ရင်းစကားပြေတွင်ပါသော "မင်းတုန်းမင်းနှင့် ငါးခြောက်ပြား"ဆောင်းပါးနှင့် ပတ် သက်၍ ၁၉၉၄ ခုနှစ် သင့်ဘဝမဂ္ဂဇင်းတွင် "ဆရာမောင်သစ်မင်း"ရေးသားခဲ့သော ဆောင်းပါးတစ်ပုဒ် ကို သတိရမိသည်။ မင်းတုန်းမင်းမဖြစ်သေးသော မောင်လွင်သည် စံကျောင်းဆရာတော်ထံတွင် ကျောင်းသားဘဝဖြင့် ပညာသင်ခဲ့သည်။ စံကျောင်းဆရာတော်ထံတွင် ကျောင်းသားဘဝဖြင့် ပညာ သင်ခဲ့သည်။ စံကျောင်းဆရာတော်က ဒကာတစ်ယောက်လှူထားသော ငါးခြောက်ပြားကို ကျောင်း သားမောင်လွင်အား သိမ်းထားခိုင်းသည်။ ဆရာတော် သတိရပြီး မောင်လွင်ကို ငါးခြောက်ဖုတ်ခိုင်း သည့်အခါတွင် ငါးခြောက်ပြားက ပျောက်သွားခဲ့သည်။

"ဘုရင့်သားတော်တစ်ပါးလုပ်ပြီး နိုင်ငံအုပ်ချုပ်မည့်သူက ငါးခြောက်ပြားလေးတစ်ပြားတောင် မစောင့်ရှောက်နိုင်ခဲ့လျှင် နိုင်ငံကိုလုံခြုံအောင် ဘယ်လိုစောင့်ရှောက်မှာလဲ"ဟု ပြောဆိုဆုံးမပြီး ဆရာ တော်က မောင်လွင်ကို ကြိမ်ဒဏ်ပေးခဲ့သည်။ မင်းတုန်းမင်းအတွက် စံကျောင်းဆရာတော်ပေးခဲ့သော အမှတ်တရလေးတစ်ခုပင်။

ထိုသင်ခန်းစာကို သင်ကြားသော ကျောင်းဆရာက သူ၏ တပည့်များကို "စံကျောင်းဆရာတော်"၏ ဆုံးမမှုကို လက်ခံလားဟု မေးခဲ့သည်။ ကျောင်းသားတစ်ယောက် သူ၏ တင်ပြချက်ကို ပွင့် ပွင့်လင်းလင်း ရဲရဲဝံ့ဝံ့ ပြောဆိုခဲ့သည်။ ထိုကျောင်းသား၏ အဖြေကို ကျောင်းဆရာက စိတ်ဆိုးသည်။ တခြားကျောင်းသားများကို မေးသောအခါ ဆရာရိုက်မည်စိုး၍ ဆရာ့အကြိုက်လိုက်၍ ဖြေခဲ့သည်။ ပွင့် ပွင့်လင်းလင်း သူ၏ အမြင်ကို တင်ပြသောကျောင်းသားကို ဆရာကရိုက်လေသည်။ စိတ်နာပြီး ထို ကျောင်းသား ကျောင်းပြောင်းသွားခဲ့သည်။ ဆရာမောင်သစ်မင်းက လွဲမှားနေသောအယူအဆများကို သူ၏ အတွေ့အကြုံများဖြင့် ကျွန်တော်တို့ ပရိသတ်များကို "ထိုဆောင်းပါးဖြင့်"ရှင်းပြခဲ့သည်။

လူတိုင်းတွင် သူ့အမြင်၊ သူ့အတွေး၊ သူ့ခံစားချက်များကို "ဖွင့်ဟပြောဆိုခွင့်"ရှိသည်။ မှားယွင်း ခြင်း၊ မှန်ကန်ခြင်းများကို သူ၏ ဖွင့်ဟပြောဆိုခြင်းဖြင့် သိရမည်ဖြစ်ပေသည်။ ထိုကဲ့သို့ ဖွင့်ဟပြောဆိုညှိ နှိုင်းခြင်းအားဖြင့် "တိုးတက်မှု"ကို ရစေနိုင်သည်။ ဖွင့်ဟပြောဆိုတင်ပြမှုကို အမိန့်ဖြင့် (သို့မဟုတ်) ရာ ထူးအရှိန်အဝါဖြင့် တားမြစ်ထားပါက ထိုဌာန၏ တိုးတက်မှုကို နှောင့်နှေးစေပါသည်။ တချို့က ထိုကဲ့ သို့ ဖွင့်ဟပြောဆိုသူများကို "ပွ"သည်။ "ဖွ"သည်ဟု ပြောကြသည်။ ဒီမိုကရေစီနိုင်ငံတွင် ထိုကဲ့သို့ ဖွင့် ဟပြောဆိုဆွေးနွေးညှိနှိုင်းမှုများဖြင့် "အပေးအယူလုပ်မှသာ" တိုးတက်မှုရမည်ဖြစ်လေသည်။

"စစ်အစိုးရ"အုပ်ချုပ်သော ခေတ်ကိုကျော်ဖြတ်ပြီးပြီဟု ပြောကြသည်။ ထိုသို့ဆိုလျှင် စစ်အစိုးရ လက်ထက်ကရှိနေခဲ့သော "စနစ်ဆိုးအကျင့်ဆိုးများ"ကို ဒီဘက်ခေတ်မှာ မရှိစေချင်တော့ပါ။ ရှင်သန် ခွင့်မပေးသင့်တော့ပါ။ အာဏာရှင်ဆန်သောလုပ်ရပ်များကိုမကျင့်သုံးတော့ပါ။ ရာထူးရှိသော အာဏာ ရှင်ဆန်သော လုပ်ရပ်များကို မကျင့်သုံးတော့ပါ။ ရာထူးရှိသောသူသည်လည်း ဒီမိုကရေစီစိတ်ဓာတ်ကို ထားရှိရပါမည်။ လက်အောက်ငယ်သားများသည်လည်း ဒီမိုကရေစီစိတ်ဓာတ်ကို ထားရှိရပါမည်။ လက်အောက်ငယ်သားများသည်လည်း ဒီမိုကရေစီစိတ်ဓာတ်ကို မွေးရပါမည်။

ခေါက်ရိုးကျိုးနေခဲ့သော ကျွန်တော်တို့အားလုံး၏ စိတ်ဓာတ်နှင့် ခေါက်ရိုးကျိုးစနစ်များကို ကျွန် တော်တို့၏ နိုင်ငံသစ်မှာ မရှိစေချင်တော့ပါ။ ခေါက်ရိုးများကို ဖြေသင့်ပါပြီ။ ငါမှ ငါ၊ ဒါမှ ဒါ စိတ်ထားများ နေဝင်သင့်ပါပြီ။ သူများပြောင်းလဲသည်ကို မြင်ချင်လျှင် စောင့်ကြည့်နေ၍ မရပါ။ မိမိက စတင်ပြောင်းလဲ ရပါမည်။ မပြောင်းလဲချင်သည့်သူများကား နောက်ပြန်လှည့်ချင်သူများသာဖြစ်သည်။ ကျွန်တော်တို့ တွေ ရှေ့သို့ပန်းတိုင်သို့ ချီတက်ကြမည်ဆိုလျှင် ခေါက်ရိုးလေးတွေ ဖြေကြရပါတော့မည်။ နိုင်ငံတိုး တက်ဖို့၊ ပြည်သူပြည်သားများ ကောင်းစားဖို့ဆိုလျှင် ပြည်သူများအပေါ်တွင် ဖိနေသော အကြောက် တရားများကို ဖယ်ရှားပေးရပါလိမ့်မည်။ မိမိတို့၏ ခေါက်ရိုးကျိုးနေသော အမြင်များကိုလည်း ပြောင်းလဲ ပစ်ရပါမည်။ သို့မှသာ အနာဂတ်ရွှေနိုင်ငံတော်ကို လှမ်းမြင်နေရပါလိမ့်မည်။ "ခေါက်ရိုးလေးတွေ ဖြေပေးပါ"။

**The Daily Eleven သတင်းစာ၊ ဇူလိုင် ၆ ရက်၊ ၂၀၁၃။**

***

## အညှာလေးတွေ ခိုင်ပါစေ

“အမှည့်တွေ တဝင်းဝင်း၊ အကင်းတွေ တဖြုတ်ဖြုတ်”ဟူသော ဆိုရိုးစကားတစ်ခု မြန်မာမှုနယ် ပယ်တွင် ရှိခဲ့သည်။ “မှည့်လွန်းဝင်းလွန်းသော အသီးများသာ”ကြွေရသည်မဟုတ် “သီးကင်းစ” အရွယ် တွင်လည်း ကြွေကျပျက်စီးတတ်သည့် သင်္ခါရသဘောကို ညွှန်ပြသော စကားပုံပင်ဖြစ်သည်။ လွန်ဆန် ၍ မရနိုင်သည့် သင်္ခါရသဘောကို အပြစ်ဆိုရန် မရှိခဲ့သော်လည်း အညှာလွယ်၍ မြေသို့ကျကြွေခဲ့ရ သော (၂၁)ရာစု အရိုင်းပန်းလေးများကို တွေ့မြင်နေရသောအခါ ပွင့်ဆဲပန်းလေးများကို စိုးရိမ်ခဲ့သည်။ သတိပေးချင်စိတ်တွေ ပေါ်လာခဲ့သည်။

“အညှာမခိုင်သည့်ပန်း မြန်မြန်ကြွေတတ်သည်မှာ သဘာဂတစ်ခုပင်ဖြစ်သည်။ လူသားတို့ကို လမ်းညွှန်ပြသသော လောကနီတိကျမ်းစာတွင်လည်း အမျိုးသမီးတို့၏ ကိုယ်ပိုင်ဥစ္စာ ရုပ်အဆင်း ဖြစ်သည်ဟု ညွှန်ပြထားသလို “အရှက်မရှိသော အမျိုးသမီးသည် ပျက်စီးတတ်၏ ဟူ၍လည်း ဆိုဆုံးမ ထားခဲ့သည်။ ခေတ်သစ်မိန်းမပျိုလေးများအနေဖြင့် အလှနှင့်အရှက်ကြားတွင် ဟန်ချက်ညီညီ နေတတ် ထိုင်တတ်ဖို့ လိုအပ်လာပြီဖြစ်သည်။

ဟန်ချက်ညီညီဖြင့် ဘဂတွင် မနေတတ်ပါက ယိမ်းယိုင်ပျက်စီးမှုနှင့်ကြုံရပေလိမ့်မည်။

ယနေ့ခေတ် အမျိုးသမီးပျိုလေးများတွင် ဘဂကပေးသော “ကိုယ်ပိုင်အလှလေးတွေ” ကိုယ်စီ ရှိကြသည်။ ခေတ်ကပေးသော နည်းပညာ၊

ခေတ်တွင်ပေါ်ထွန်းသော အသစ်အဆန်း။ ကူးစက်မြန် သော
တိုင်းတစ်ပါးယဉ်ကျေးမှုများ၊ ထိုအရာအားလုံးဖြင့် ပေါင်းစပ်လိုက်သောအခါ
“လှပသော အမျိုး သမီးလေးများ၊ ကြည့်၍ ကောင်းသော အမျိုးသမီးလေးများ၊
ယောက်ျားတို့မျက်စိကျစရာ အမျိုးသမီး များဖြစ်လာခဲ့ပေသည်။ မိမိတို့၏
လက်ဆွဲအိတ်၊ ပိုက်ဆံအိတ်များတွင် အလှကုန်ပစ္စည်းများ ဆောင် ထားသလို
ခေတ်သစ်အမျိုးသမီးငယ်လေးများအနေဖြင့်လည်း “သတိနှင့်အသိ”ကို
အမြဲဆောင်ထား ရန် လိုအပ်လာခဲ့ပါသည်။

ယနေ့ကမ္ဘာတွင် ထုတ်လုပ်မှုအများဆုံး ကုန်ပစ္စည်းနှင့်
အမျိုးသမီးအများစု စိတ်ဝင်စားသော ကုန်ပစ္စည်းများကို ညွှန်ပြပါဆိုလျှင်
အမျိုးသမီးအလှကုန်ပစ္စည်းများနှင့် အဝတ်အထည် Fancy ပစ္စည်း များကို
ညွှန်ပြရပေလိမ့်မည်။ ဈေးကြီးဈေးငယ်အသွယ်သွယ်ဖြင့် အမျိုးသမီးတို့၏ စိတ်ကို
“ညှို့ယူဖမ်း စားနိုင်ခဲ့သည့်”ထိုအသုံးအဆောင်ပစ္စည်းများအပေါ်တွင်
မက်မောမှုလွန်ကဲသွားသည့်အခါ မက်လုံး၏ သားကောင်များ ဖြစ်သွားတတ်သည်။
မိမိ၏ ဘဝကို တန်ဖိုးထားမြတ်နိုးသူများအနေဖြင့် မက်လုံးပေး ထားသော
သားမုဆိုးများ၏ မာယာကျော့ကွင်းများကို
ရှောင်ကွင်းတတ်ရန်အရေးကြီးလေသည်။

လွန်ခဲ့သည့် နှစ်နှစ်ခန့်က အိမ်နီးချင်းနိုင်ငံတစ်ခုမှာ
အမျိုးသမီးငယ်လေးတစ်ဦးရဲ့လုပ်ရပ်အား ကမ္ဘာအနှံ့ ဟိုးလေးတစ်ကျော်
ဖြစ်ခဲ့ဖူးသည်။ Apple ကုမ္ပဏီကထုတ်သည့် iphone 4 လေးတစ်လုံး ကို
ထိုအမျိုးသမီးလေးက လိုချင်နေခဲ့သည်။ သူမဘဝက ဆင်းရဲလွန်း၍ iphone 4 ကို
အိပ်မက်ထဲ တွင်သာ ဝယ်နိုင်ခဲ့သည်။ သူ၏ iphone 4 လေးအပေါ်တွင် မက်မောမှုက
ပြင်းထန်သွားသည့်အခါ အရှက်နှင့်သိက္ခာကို စွန့်လွှတ်ရန် ကြိုးစားခဲ့သည်။ iphone
4 လေးသာ ဝယ်ပေးလျှင် သူ၏ အပျိုစင် ဘဝကိုစွန့်ပါမည်လို့ လိပ်စာနှင့်တကွ
ထိုအမျိုးသမီးလေးက ကြော်ငြာခဲ့သည်။

အမျိုးသမီးငယ်လေး၏ ကြော်ငြာက အိမ်နီးချင်းနိုင်ငံ၏ ဒေသတွင်းကို လှုပ်ခတ်လာခဲ့သည်။ ဘဝကိုတန်ဖိုးမထားသည့်သူတွေ ထပ်၍ မပေးလာပါစေနှင့်ဟု ဆုတွေတောင်းကြသည်။ ထိုအမျိုးသမီး လေး၏ အဖြစ်အပျက်က ထင်သာမြင်သာ ရှိသေးသည်။ ထင်သာမြင်သာမဖြစ်ခဲ့သော ကန့်လန့်ကာ နောက်ကွယ်က ပေးဆပ်မှုပေါင်းစုံလည်း ရှိနေသေးသည်။ လိုချင်မှုတစ်စုံတစ်ခုအတွက် အရှက်တွေ၊ သိက္ခာတွေ၊ ကိုယ်ကျင့်တရားတွေ စတေးခဲ့ရသည်။ လူ့ရှင်တော်တွေပြောသော စပွန်ဆာဆိုသည်မှာ တွေးကြည့်လျှင် ကြောက်ဖို့ကောင်းသော အရာပင်။

ယနေ့ခေတ်ကြီးထဲတွင် အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့် ရင်ဘောင်တန်း၍ ရသည် ဆိုသော်ငြားလည်း သတိပြုစရာ၊ ဆင်ခြင်စရာတွေက များစွာရှိနေပါသည်။ မိမိကိုယ်မိမိ သိက္ခာရှိရှိ၊ ထိန်းထိန်းသိမ်းသိမ်း နေတတ်ရန်၊ မက်မောမှုကို ရှေ့တန်းမတင်မိစေရန် လွန်စွာအရေးကြီးပါသည်။ လိုချင်မှုတစ်ခုအတွက် မိမိဘဝကို အစွန်းအထင်းမဖြစ်စေရန် သတိပြုရပါလိမ့်မည်။ ကြံကိုကြိုက်သော သူသည် ကြံ၏ အချိုရည်ကို စုပ်၍ ကြံဖတ်ကိုထွေးထုတ်လွှင့်ပစ်သကဲ့သို့ ငွေကြောင့်၊ ပစ္စည်းကြောင့် ဘဝကို ပေးခဲ့ရသူများသည်လည်း ကြံဖတ်ကို စွန့်ပစ်သလို တစ်နေ့မှာစွန့်ပစ်ခံရပါက လူမှုအသိုင်း အဝိုင်းတွင် မျက်နှာငယ်ရမည်၊ အရှက်ရမည်ဖြစ်လေသည်။

လောကကြီးထဲတွင် လူကောင်းတွေရှိသလို လူယုတ်မာတွေလည်း ရှိသည်။ တန်ဖိုးထားတတ် သောသူတွေရှိသလို တန်ဖိုးမဲ့သောသူတွေလည်းရှိသည်။ သစ္စာမဲ့တတ်သောသူတွေလည်း ရှိသည်။ မာယာများသောလလောကကြီးတွင် အညှာခိုင်ဖို့ အထူးလိုအပ်သည်။ မိမိ၏ တန်ဖိုးထားသောဘဝကို ကျောက်သားကျောက်ဆိုင်ကဲ့သို့ မတိမ်းစောင်းအောင် အရှက်သိက္ခာဖြင့် သတိပြုရမည်ဖြစ်သည်။ အန္တရာယ်ကို ဖိတ်ခေါ်နေသော အပြုအမူ၊ အပြောအဆို အဝတ်အဆင်တို့ကိုလည်း ဂရုစိုက် ရှောင် ကြဉ်ရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးတို့၏ အစဉ်အဆက် ထိန်းသိမ်းလာခဲ့သော

အမျိုးသမီးကောင်းတို့၏ ဣန္ဒြေ၊ သိက္ခာ၊ မာန၊ ယဉ်ကျေးမှု၊ မျိုးရိုးထိန်းသိမ်းမှုစသော အစဉ်အလာကောင်းများကို (၂၁)ရာစုတွင် ဖြတ်သန်းနေကြသော ပိျုပိျုမေမေတို့ ဆက်လက်ထိန်းသိမ်းစေလိုပါသည်။ အမြဲမပြတ်စီးဆင်းနေသည်မှာ ခေတ်ဖြစ်သော်လည်း ခြေစုံပစ်၍ မဝတ်သင့်ပါ။ ထိုစီးဆင်းနေသောခေတ်ကြီးထဲတွင် ဆင်ခြင်စရာ တွေ၊ တွေးတောစရာတွေများစွာရှိနေပါသည်။ ကောင်းသည့်အရာတွေရှိသလို၊ မကောင်းသည့်အရာတွေလည်း ခေတ်ကြီးထဲတွင် ပါနေလေသည်။

အရှက်နှင့်သိက္ခာကို မျက်ကွယ်ပြုမှုတွေ များလာသည့်အခါ လူမှုလောကကြီး ရှုပ်ထွေးသွားနိုင် သလို ပျက်ဆီးဖို့လည်း ဖြစ်လာနိုင်ပါသည်။ ဘဝနှင့် အရှက်သိက္ခာ မကျဆင်းစေရန် တန်ဖိုးထား ဆောင်ရွက်ရပါမည်။ အနေစုတ်သော်လည်း ရွှေထုတ်သော မြပဝါလေးတော့ ဖြစ်စေချင်ပါသည်။ မိန်းမတို့ ဣန္ဒြေ ရွှေပေးလို့မရ ဆိုသော စကားပုံလေးကိုလည်း ပိျုပိျုမေမေတို့ လက်ထဲမှာ ဆက်လက်တည် တံ့စေချင်ပါသည်။

ဖြစ်ချင်တာလေးတစ်ခုအတွက်နှင့် မဖြစ်ချင်တာတွေ ဖြစ်လာခဲ့ရင် ဆိုသောအတွေးလေးဖြင့် စိတ်အညှာလေးတွေ ခိုင်စေချင်ပါသည်။ မိမိတို့နိုင်ငံ၊ မိမိလူမျိုး၊ မိမိအသိုင်းအဝိုင်း မျက်နှာမငယ်စေလို သော အတွေးမျိုးစုံဖြင့် စိတ်အညှာလေးတွေ ခိုင်စေချင်ပါသည်။ မြန်မာအမျိုးသမီးကောင်းတစ် ယောက်၏ ဣန္ဒြေ၊ သိက္ခာ၊ မာန၊ ယဉ်ကျေးမှုများ မပျောက်ကွယ် မပျက်စီးစေဖို့ ပိျုပိျုမေမေတို့၏ စိတ် အညှာလေးတွေ ခိုင်မာဖို့လိုအပ်လာပါပြီ။ "အညှာလေးတွေ ခိုင်ပါစေ"။

**The Daily Eleven သတင်းစာ၊ ဇူလိုင် ၁၂ ရက်၊ ၂၀၁၃။**

***

# စာတတ်သူတိုင်း စာဖတ်စေချင်

"စာပေ ဂတ္ထု၊ ရတုကဗျာ၊ ပို့လင်္ကာနှင့် သာသည့်သီချင်း အဲစောင်းငြင်းကို မကင်းမပြတ် ဖတ်ရွတ်လေ့ကျက်၊ တီးမှုတ်လျက်သာ နေကောင်းစွာ"

အထက်ပါ အဆိုအမိန့်လင်္ကာကို ဝန်ကြီးပဒေသရာဇာသည် လူသားတို့၏ ပျော်ရွှင်စွာနေထိုင် နည်းများတွင် စာပေအနုပညာဖြင့် ပျော်မွေ့နေထိုင်ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်းနှင့် ထိုစာပေ အနုပညာဖြင့် ဘဝတွင်နေတတ်ရန် လိုအပ်ကြောင်း ရေးဖွဲ့ဆုံးမှုထားသောလင်္ကာဖြစ်ပါသည်။

စာပေဆိုသည်မှာ လူသားမျိုးနွယ်အပေါင်းတို့၏ ဘဝမီးရှူးတန်ဆောင်ဖြစ်သည်။ စာပေများ၏ ဂုဏ်ကျေးဇူးကြောင့် လူသားတို့၏ ဂုဏ်အရှိန်အဝါများ တောက်ပခဲ့ကြပါသည်။ သေဆုံးနေသော စိတ် ဓာတ်များ ပြန်လည်ရှင်သန်လာခဲ့ကြသည်။ လေ့လာသူအပေါင်းအား လမ်းမှန်နေရာမှန်သို့ရောက် အောင် ပို့ပေးခဲ့သည်မှာ စာပေဖြစ်ပါသည်။

စာပေမဖတ်၊ စာပေမတတ်သူတို့သည် အကန်းတစ်ယောက်နှင့်တူသည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် မဃဒေဝလင်္ကာ ကျမ်းမြွတ်၌ မရှိပညာ၊ ဤလူ့ရွာ၌ ကျမ်းစာနီတိ၊ တတ်မသိက၊ မျက်စိစုံကန်း၊ လူဖြစ်ဆန်းမျှ ပေါက်ပန်းပမာ မှတ်ဖို့ရာ၏ ဟူ၍ မန်လည်ဆရာတော်ကြီးက ဆုံးမထားသည်။

ယနေ့မျက်မှောက်ခေတ်ကာလတွင် စာတတ်ရုံမျှဖြင့် မပြီးစီးဘဲ စာဖတ် မဖတ် ဆန်းစစ်ရန် လို အပ်လာခဲ့ပါသည်။ စာတတ်သူချင်းတူသော်လည်း

စာဖတ်သူသည် စာမဖတ်သူထက် ခေါင်းတစ်လုံး သာ၊ အတွေးသာပါသည်။ စာမတတ်သည့်သူကို စုံလုံးကန်းဟု ဆိုကြလျှင် စာတတ်ပြီး စာမဖတ်သော သူသည် တစ်ဖက်ကန်းနေသောသူ ဖြစ်ရသည်။

လူမျိုးတစ်မျိုး၏ အဆင့်အတန်းကို သိလိုလျှင် စာတတ်မတတ်ကိုကြည့် ဟူသော အနောက် တိုင်းဆိုရိုးစကားရှိပါသည်။ ထိုဆိုရိုးစကားကို ပိုပြီးပြည့်စုံသွားစေရန် လူမျိုးတစ်မျိုး၏ အဆင့်အတန်း ကို သိလိုလျှင် စာဖတ်မဖတ်ကို ကြည့်ရမည်ဟု ဖြည့်စွက်ချင်ပါသည်။ စာဖတ်သောသူသည် စာပေမှ ရ သော သုတ၊ ရသနှစ်မျိုးလုံးကိုရမည်ဖြစ်ပြီး စာမဖတ်သောသူသည် ထိုနှစ်မျိုးလုံးကို ဆုံးရှုံးရပြီး နှိုင်းချိန် မှုကင်းသောသူတစ်ယောက်ဖြစ်ပါသည်။

မရှိတာထက် မသိတာခက်ဆိုသည့် မြန်မာစကားပုံရှိပါသည်။ မသိခြင်းဆိုသည်မှာ စာမဖတ် ခြင်း၊ မလေ့လာခြင်းပင်ဖြစ်သည်။ လေ့လာမှုနယ်ပယ်ထဲသို့ ကျွန်တော်တို့၏ ခြေလှမ်းများ မလှမ်းမချင်း “မသိတစ်လုံး”တွင် လမ်းဆုံးနေကြဦးမည်ဖြစ်သည်။ မသိခြင်းဆိုသည်မှာ အလွန်အန္တရာယ် ကြီးမား သော အရာဖြစ်လေသည်။

အသိပညာ၊ အတတ်ပညာ နည်းပါးခြင်းများကြောင့် ကျွန်ဘဝကိုလည်း ရောက်ခဲ့ရပါသည်။ ဖြစ် ရပ်ဆိုးတွေများစွာနှင့်လည်း ကြုံခဲ့ရပါသည်။ မသိခြင်းသည် ကျွန်တော်တို့အတွက် အန္တရာယ်ဖြစ်ပြီး သိခြင်းသည် ကျွန်တော်တို့အတွက် ခွန်အားဖြစ်သည်။ အသိတစ်ခုရဖို့အတွက် ကျွန်တော်တို့စာဖတ် ရပါမည်။ စာခြင်းခြင်းစွမ်းအားကို မြှင့်တင်ရပါမည်။

စာမတတ်သည့်သူသည် သူ၏ စာမဖတတ်ခြင်းကြောင့် စာမဖတ်ဖြစ်ခြင်းမှာ အကြောင်းယုတ္တိရှိ ပါသော်လည်း စာတတ်ကြသူများ စာမဖတ်ကြခြင်းမှာ သဘာဂမကျသော အခြေအနေဖြစ်ပြီး တိုင်းပြည်အတွက် လွန်စွာနစ်နာသည်ဟု ခံယူမိပါသည်။ လူတစ်ယောက်၏ ဘဝကိုမြှင့်တင်ပေးသော စာပေကို မဖတ်ရှုခြင်းသည် စာပေ၏ ကြီးမားသော ဂုဏ်ကျေးဇူးများကို

မသိကျိုးကျွံပြုနေသူများဟု ထင်မြင်မိသည်။

ဟင်းမွှေသော ယောက်မသည် ဟင်းမျိုးစုံကို မွှေခဲ့ရသော်လည်း ဟင်း၏ အရသာကို မသိရ သကဲ့သို့ စာအုပ်စာပေများစွာရှိနေသော လောကကြီးတွင် စာအုပ်စာပေများ၏ အရသာကို မသိခဲ့ကြရ သော ယောက်မလိုလူသားများ မြန်မာပြည်တွင် များစွာရှိနေသည်မှာ ဝမ်းနည်းစရာပင်ဖြစ်သည်။ အရ သာမျိုးစုံကို မြည်းစမ်း၍ ကောင်း၏၊ မကောင်း၏ ခွဲခြားနိုင်သော လျှာကဲ့သို့ စာအုပ်စာပေမျိုးစုံဖတ်၍ ကောင်း၏ မကောင်း၏၊ အကျိုး ရှိ၊ မရှိ ဝေဖန်ပိုင်းခြားနိုင်သော လျှာ လိုလူသားများ နိုင်ငံအတွက် အလွန်လိုအပ်လျက်ရှိပါသည်။

စာအုပ်တွေ ပြည့်နေသောအိမ်သည် ပန်းပေါင်းဝေဆာနေသော ဥယျာဉ်ကြီးနှင့်တူသည်ဟု ပညာရှင်တို့ တင်စားကြပါသည်။ ကောင်းမြတ်သောစာပေတိုင်းတွင် အားအင်များစွာရှိပါသည်။ အဆိုပါ စာပေမှရသော စွမ်းအင်များနှင့် စာပေတည်းဟူသော ကလောင်လက်နက်များပေါင်းစပ်၍ နယ်ချဲ့ ကိုလိုနီများကို တိုက်ခိုက်ခဲ့ကြသည်မှာ မြန်မာ့သမိုင်းတွင် အထင်အရှားဖြစ်ပါသည်။ စာပေသည် မြန်မာတို့၏ ယဉ်ကျေးမှုနှင့် အသက်သွေးကြောလည်းဖြစ်ပေသည်။

စာကောင်းပေကောင်းများသည် မြန်မာပြည်သူမြန်မာပြည်သားများ၏ စိတ်တံခါးပေါင်းများစွာ ကို ဖွင့်ပေးသော သော့ချောင်းများဖြစ်သောကြောင့် ကျွန်တော်တို့၏ ပိတ်ဆို့နေသော စိတ်တံခါးများ အား ဖွင့်လှစ်နိုင်ရန် များစွာရှာဖွေရမည်ဖြစ်သည်။ တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲ ဆိုသည့်စိတ် ဓာတ်မျိုးဖြင့် စာပေကိုလေ့လာသွားလျှင် ကျွန်တော်တို့တိုင်းပြည်၏ စာပေအဆင့်အတန်းသည် မြင့် တက်သွားပြီး တိုင်းပြည်တိုးတက်မည်ဖြစ်သည်။

စာပေစကား နေ့တိုင်းကြားက ထူးခြားလိမ္မာ၊ ရှိသည်သာ ဟု ရှင်မဟာရဋ္ဌသာရက ဆိုခဲ့ပါ သည်။ အလှအတွက် မှန်ကြည့်သလို ဘဝအတွက်

စာကြည့်ရမည်ဟုလည်း ပညာရှင်တို့မိန့်ဆိုထားပါ သည်။ စာပေဖတ်ရှုခြင်း၏ ဂုဏ်သတ္တိများ ကြီးများသောကြောင့် ပညာရှင်အဆင့်ဆင့်တို့က ညွှန်းဆို ထားခဲ့ခြင်းပင်ဖြစ်ပေသည်။ အသိဉာဏ်ပညာတိုးတက်ရန် စာအုပ်စာပေများဆီသို့ ချဉ်းကပ်ရပါမည်။ အတွေးအခေါ်များ ရင့်ကျက်လာစေရန် အထောက်အကူပြုသော စာကြည့်တိုက်များဆီသို့ လျှောက် လှမ်းရပါမည်။ လက်လှမ်းမီသောစာပေများကို ဖတ်ရှုရင်း ကျွန်တော်တို့၏ အသိဉာဏ်ဦးနှောက်များကို လှုပ်ရှားနေစေရပါမည်။

စက်တင်ဘာ ၈ ရက်နေ့ကို နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ဟု နိုင်ငံပေါင်းစုံက အညီ အညွတ်သတ်မှတ်ကြပါသည်။ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကဲ့သို့ နိုင်ငံတကာ စာဖတ်သူများ နေ့ကိုလည်း ကျင်းပနိုင်ပါစေဟု မျှော်လင့်မိပါသည်။ ယနေ့ခေတ်သည် IT ခေတ်ဖြစ်သည်ဟု ပြောကြ ပါသည်။ ပညာခေတ်ဟုလည်း ပြောနေကြသည်။ စာမဖတ်သည့် IT ခေတ်သည် စစ်မှန်သည့် IT ခေတ်ဖြစ်မည်မဟုတ်ဟု ထင်မိပါသည်။ IT ခေတ်ကို အကြောင်းပြပြီး စာအုပ်စာပေများကို ဖတ်စရာ မဟုတ်တော့သည့်သဘောမျိုး မြင်ထားသည့်သူများကို တွေ့ရသောအခါ စိတ်မကောင်းဖြစ်မိပါသည်။

စာဖတ်ရန် စိတ်မဝင်စားဘဲ စားဝတ်နေရေး ပြည့်စုံရန်သာလိုအပ်သည်ဟု ခံယူထားသူများ လည်းရှိနေသည်။ စားဝတ်နေရေးပြည့်စုံခြင်း၊ မပြည့်စုံခြင်းသည် နိုင်ငံ၏ စီးပွားရေးအပေါ် မှီတည်သော် လည်း ယင်းကဲ့သို့ စားဝတ်နေရေး ပြည့်စုံရန်မည်ကဲ့သို့ လှုံ့ဆော်ကြမည်ဆိုသည်မှာ စိန်ခေါ်မှုတစ်ခုပင် ဖြစ်သည်။ သန်းခြောက်ဆယ်နီးပါးရှိနေသော မြန်မာနိုင်ငံအတွက် စာဖတ်ဝါသနာပါသည့်သူမှာ ဆယ် ပုံတစ်ပုံခန့်သာ ရှိနေသေးသဖြင့် အင်တိုက်အားတိုက် စာဖတ်ရှိန်မြှင့်တင်ပေးရန် လိုအပ်လာပြီဖြစ် သည်။

အရောင်းရဆုံးသော စာရေးဆရာတစ်ယောက်၏ အုပ်ရေမှာ များသောအားဖြင့် အုပ်ရေနှစ် ထောင်ထက် မပိုသောကြောင့် မြန်မာပြည်၏

စာဖတ်သူအင်အားကို နှိုင်းချိန်၍ ရနေပါသည်။ စာလုံးဂ မဖတ်သူမရှိသော်လည်း စာဖတ်သူအချိုးအစားမှာ မြန်မာတစ်ပြည်လုံး၏ လူဦးရေနှင့်နှိုင်းယှဉ်ပါက လွန်စွာနည်းပါးနေပါသည်။ ထိုအချက်ကို သတိပြု၍ စာဖတ်သူများပြားလာစေရန် အစိုးရနှင့် ပြည်သူ နှစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်သည်။

တိုင်းပြည်ကိုစာပေဖြင့် တိုးတက်ဝေဆာစေချင်သည့်ဆန္ဒရှိသူများအနေဖြင့် ပြည်သူလူထုကို စာပေဖတ်ရှုခြင်း၏ ကောင်းကျိုးများကို ကျယ်ကျယ်ပြန့်ပြန့် နှိုးဆော်ပေးရပါမည်။ အစိုးရအနေဖြင့် ပြည်သူတစ်ရပ်လုံး၏ အသိဉာဏ်ဖွံ့ဖြိုးရေးအတွက် တွင်တွင်ကျယ်ကျယ် ပါဝင်ဆောင်ရွက်ပေးသင့် သလို စာဖတ်နိုင်သောအခွင့်အရေး၊ အခွင့်အလမ်းများကို ဖန်တီးပေးရန် လိုအပ်ပါသည်။ တိုင်းပြည်၏ အနာဂတ်ကောင်းမွန်စေရန်အတွက် စာဖတ်ခြင်းကို မြှင့်တင်ပေးရပါမည်။ သို့မှသာ စာမဖတ်သူအရေ အတွက် နည်းပါးသွားမည်ဖြစ်သည်။

စာပေမှရရှိသော အတွေ့အကြုံ၊ စာပေမှရရှိသော ဗဟုသုတများဖြင့် အနာဂတ်ကို ဖြတ်သန်းရ ပါမည်။ တိုင်းပြည်ကို ကာကွယ်ရပါမည်။ တန်ဖိုးရှိသောစာပေများကို တိုင်းပြည်အတွက် ထားခဲ့ရပါ မည်။ နိုင်ငံအတွင်း စာပေချစ်စိတ်များရှိလာအောင် မနှိုးဆော်နိုင်သေးသရွေ့ စာကြည့်တိုက်များတွင် လူမစည်ကားသေးသရွေ့ စာဖတ်ခြင်းသည် အရေးမကြီးဟု ခံယူထားသရွေ့ ကျွန်တော်တို့နိုင်ငံ၏ အတွေးအခေါ် အဆင့်အတန်းသည် နိမ့်ကျနေဦးမည်ဖြစ်သည်။ ကျွန်တော်တို့၏ ခြေလှမ်းများ စာအုပ် စာပေတည်းဟူသော မိတ်ဆွေကောင်းများရှိရာသို့ မြန်မြန်လှမ်းသင့်နေပြီဖြစ်ပါသည်။

စာပေသည် လူသားများ၏ ဆေးတစ်ခွက်ဖြစ်သည်ဟု ဂျော့ဘောရိုးဆိုသော ပညာရှင်တစ်ဦး က တင်စားခဲ့ပါသည်။ လေ့လာလိုက်စားသူများအတွက် စာပေဆိုသည်မှာ အသုံးဝင်သော ဆေးတစ် ခွက်ပင်ဖြစ်သည်။

နိုင်ငံပေါင်းစုံမှ ဝင်ရောက်လာသော မြန်မာ့ယဉ်ကျေးမှုနှင့်ဆန့်ကျင်သော တိုင်းတစ်ပါးယဉ် ကျေးမှုများနောက်သို့ လိုက်ပါမျောပါသွားရင်း စာအုပ်စာပေများကို မေ့လျော့နေကြသည်။ ထိုသို့မဖြစ်ရလေအောင် မိမိကိုတည့်မတ်ပေးနိုင်သော စာအုပ်စာပေများကိုလည်း လေ့လာမှတ်သားရပါမည်။

စာပေလိုက်စားသူများအနေဖြင့် အရှူးလွယ်အိတ်နှင့်တူအောင် ကျင့်ကြံရမည်ဟု ရှေးဆရာ တော်ကြီးများကလည်း ဆုံးမထားပါသည်။ အရူးတစ်ယောက်၏ လွယ်အိတ်ထဲတွင် ပစ္စည်းမျိုးစုံရှိသကဲ့ သို့ စာပေလိုက်စားသူတစ်ယောက်အနေဖြင့်လည်း စာပေမျိုးစုံကို မိမိတို့ရင်ထဲ နှလုံးသားထဲတွင် ထည့် သွင်းထားသင့်သည်ဟု တန်ဖိုးရှိသော အဆုံးအမတစ်ခုကိုမိန့်ဆိုခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့ဘဝတွေ တိုးတက်မြင့်မားစေဖို့နှင့် အသိဉာဏ်ပညာရင့်ကျက်စေဖို့ စာဖတ်ရပါ မည်။ နိုင်ငံနှင့်လူမျိုးအဆင့်အတန်းရှိစေဖို့ ကျွန်တော်တို့ ပြည်သူပြည်သားများ စာဖတ်ကြပါမည်။ စာ မဖတ်သည့်အရေအတွက် များပြားမှုမရှိစေရန် စာဖတ်ရှိန်မြင့်တင်ပေးရာတွင် မည်သူမဆို နေရာမရွေး စွမ်းနိုင်သမျှ ပြုလုပ်ကြပါမည်။ ကမ္ဘာ့အလယ်တွင် မြန်မာများ မျက်နှာမငယ်စေရန် စာဖတ်ကြရပါလိမ့် မည်။ စာတတ်သူတိုင်း စာဖတ်ကြရပါလိမ့်မည်။ စာတတ်သူတိုင်း စာဖတ်ကြမည်ဆိုလျှင် ကျွန်တော်တို့ နိုင်ငံ တိုးတက်လာမည် အမှန်ပင်ဖြစ်သည်။ စာတတ်သူတိုင်း စာဖတ်နိုင်ကြပါစေ။

**The Daily Elven သတင်းစာ၊ ဇူလိုင် ၂၁ ရက်၊ ၂၀၁၃။**

***

## ရှင်သန်နေဆဲ ဆန်းသစ်ပြဇာတ်များ

ကားမှတ်တိုင်တွင် ကွမ်းယာဆိုင်လေးတွေ ပျောက်နေသည်။ ပျောက်နေကြလည်းဖြစ်သည်။ သိချင်၍ မေးမိသည်။ လမ်းကြောင်းရှိသည်ဟု ပြောပြသည်။ စီးနေကျ ဆိုက်ကားအချို့ကိုလည်း မတွေ့ရသောအခါ မေးကြည့်မိပြန်သည်။ အဖြေက လမ်းကြောင်းရှိနေခြင်းပင်။ လမ်းတွေ ပဋ္ဌလက် ဆန်ဆန် ပြင်ဆင်နေသည်။ ဖာထေးနေကြသည်။ သူတို့သည်လည်း လမ်းကြောင်းရှိ၍ ပြုပြင်နေကြ ခြင်းပါလား။

လမ်းကြောင်းဆိုသည်မှာ လူကြီးတစ်ယောက် ဖြတ်သန်းသွားလာခြင်းကို လမ်းကြောင်းဟု မည်သူကစ၍ အမိပ္ပာယ်ဖော်ဆောင်ခဲ့သည်ဟု မသိရသော်လည်း လမ်းကြောင်းကြောင့် လမ်းတွေပြင် သည်။ စည်းကမ်းမဲ့ဆိုင်တွေ ရှင်းသွားသည်။ စည်းကမ်းမဲ့ယာဉ်တွေ ရှင်းသွားသည်။ လမ်းမကြီး သန့် ရှင်းသွားသည်။ လမ်းကြောင်း၏ ကျေးဇူးပင်။

လမ်းကြောင်းကြီးပြီးသွားသောအခါ စည်းကမ်းမဲ့ဆိုင်လေးတွေ ပြန်ပေါ်လာသည်။ စည်းကမ်းမဲ့ ယာဉ်တွေ ပြန်ရောက်လာသည်။ အပေါ်ယံပြင်ထားသော လမ်းမကြီးပြန်ပျက်စီးသွားသည်။ အမှိုက်တွေ ပြန်ပွလာသည်။ လမ်းကြောင်းဖြတ်သွားသော လူကြီးမင်းတစ်ယောက် အခြေအနေမှန်ကို သိမှ သိပါလေစ။ လူကြီးမင်း၏ ဘုန်းတော်ကြောင့် အားလုံးကောင်းနေသည်လားဟု ကျွန်တော်တွေး ကြည့်မိသည်။ အကောင်းတွေချည်း လျှောက်တင်နေပြသနေသော မှူးကြီးမတ်ရာများကြောင့် လူကြီး မင်းတို့ ခေါင်းညိတ်ပြီး ပြန်သွားကြသည်ဟုလည်း တွေးရပြန်သည်။

ထောင်ကထွက်လာသော သူငယ်ချင်းတစ်ယောက် ပြောဖူးသည်။ ညအိပ်ချိန်တွင် ကင်းစောင့် ရသော ဘာရာဆိုသော ထောင်သားတစ်ယောက်က ကင်းလှည့်လာသော ဝန်ထမ်းများကို မြင်တွေ့ရ တိုင်း အိပ်ဆောင်အားလုံး ကောင်းပါသည်ဆရာဟု အမြဲအော်ရသည်တဲ့။ ကျွန်တော်တို့ မြန်မာနိုင်ငံ တွင်လည်း အားလုံးကောင်းပါသည်ဟုဆရာဟု အစဉ်အဆက်ပြောနေခဲ့သည်မှာ အကျင့်ပါနေပြီဖြစ်ပါ သည်။ မည်သူတွေအတွက် ကောင်းသွားသည်ကို သဲသဲကွဲကွဲ သိချင်မိပါသည်။ ပကတိအခြေအနေကို သိနိုင်ဖို့ဆိုလျှင် အားလုံးကောင်းပါသည်ဟု တင်လျှောက်နေသူများကို အနားယူခိုင်းလိုက်ဖို့ပင်။

အထက်လူကြီးတွေ အောက်ခြေဆင်းတော့မည်ဆိုလျှင် ပကတိအခြေအနေကို ပြင်နိုင်ရန် အသိမပေးဘဲ ရှောင်တခင်ဆင်းသင့်သည်။ အခြွေရံမဲ့ဆင်းသင့်သည်။ လူကြီးများ၏ သွားရိုးသွားစဉ် လမ်းကြောင်းအတိုင်း မသွားဘဲ အများပြည်သူနေ့စဉ်သွားသလို သွားသင့်သည်။ အမြဲမဆိုလိုပါ။ ထို သို့သွားကြည့်မှသာ ပကတိဖြစ်အင်နှင့်ကြုံရမည်။ ပကတိဖြစ်နေသည်ကို မြင်ရမည်။ ဝိသကြုံနုတ်သား ရှုံးလောက်အောင် ဖန်ဆင်းတတ်သောပညာရှင်များ ရှိနေသည်။ အကောင်းတွေချည်း တင်ပြဖို့ပြင်ဆင် နေကြသည်။ ထိုသူများ၏ ဖန်ဆင်းမှုများအောက်တွင် အများပြည်သူတွေ လျှာထွက်နေရသည်။ ထို အချက်အလက်များကိုမသိဘဲနှင့် လမ်းကြောင်းတွေ အခါတစ်ရာဖြတ်လည်း ဖန်ဆင်းမှုသက်သက် ဖြစ် နေသော ထိုနေရာထိုဒေသ မတိုးတက်သည်ကတော့ အမှန်ပင်။ သူတို့စိတ်ထဲတွင်လည်း လမ်း ကြောင်းရှိလျှင် မည်သို့နေမည်။ လမ်းကြောင်းမရှိလျှင် မည်သို့နေရမည်ဆိုသည်ကိုလည်း ကြေညက် နေကြပြီ။

၁၉၉၅ ခုနှစ်ခန့်က တိုင်းဧယျာမဂ္ဂဇင်း အမှတ်(၄)တွင်ပါရှိခဲ့သော ဆရာမကြူကြူသင်း ရေး သားသည့် ပြဇာတ်တစ်ပုဒ်ကို ဖတ်ခဲ့ဖူးသည်။ ထိုပြဇာတ်ထဲက ဇာတ်ကောင်တွေလိုပင် မျက်မှောက် ခေတ်မှာ ဖြစ်နေကြသည်။ ပြဇာတ်အမည်က “ဘကြီးလာမယ်ဆိုလို့”ဟူသော တစ်ခန်းရပ်ပြဇာတ်လေး ပင်။

ထိုပြဇာတ်ထဲတွင် စည်းကမ်းကြီးသော၊ အလှအပကြိုက်၍ သေသေသပ်သပ်နေတတ်သော မြို့ကဘကြီးတစ်ယောက် အညာသို့ အရေးတကြီးလာမည်ဟု အကြောင်းကြားလိုက်သောအခါ အညာ တွင်ရှိနေသော ညီမနှင့်တူ၊ တူမများ ဘကြီးကိုကြောက်လန့်ပြီး မသေသပ်မှုများကို သေသပ်အောင် လုပ်ကြသည်။ မလှ လှအောင်ပြင်ဆင်ကြသည်။ အိမ်မှာမရှိသည့် ပစ္စည်းကို သူများအိမ်မှငှားရန် ပြင် ထားလိုက်သည်။ ဘကြီးလာမယ်ဆို၍ ပင်။

ဘကြီးတော့ ဘယ်လိုနေမည်မသိ။ ပြင်ရသည့်လူတွေကတော့ ဖတ်ဖတ်မောနေပြီ။ ဘကြီးကို စိန်ခေါ်လိုက်နိုင်သည်။ ဘကြီးလာလို့ရပြီပေါ့။ ဘကြီးမြင်ဖို့ အစွန်းကုန်ပြင်ထားကာမှ ဘကြီးက ရောက် မလာ။ ဘကြီးမလာဖြစ်တော့ဟု သံကြိုးစာရောက်လာသည်။ ကျွန်တော် စဉ်းစားမိသည်။ ဘကြီးလာ လည်း သူတို့၏ သေသပ်မှုက ခဏတာသာဖြစ်ပေလိမ့်မည်။ ဘကြီးပြန်သွားရင် ပြင်ဆင်မှုတွေ၊ သေ သပ်မှုတွေ ပျောက်ဆုံးသွားပေလိမ့်မည်။

မြန်မာပြည်တွင် နှမ်းဖြူးတတ်သူတွေပေါသည်။ ဝိသကြုံနတ်သားတွေများသည်။ အကာ ကောင်းအောင် ပြင်ဆင်တတ်သည်။ သက်ဆိုင်ရာလူကြီးမင်းများအနေဖြင့် ဒီမိုကရေစီနိုင်ငံတွင် အကာကိုခွာ၍ အနှစ်ကို ကြည့်နိုင်ရန်အရေးကြီးသည်။ ထိုသို့ကြည့်နိုင်ဖို့ဆိုလျှင် ရှောင်တခင်ဝင်ကြည့် ရမည်။ ကြိုတင်ပြင်ဆင်မှုများ မရှိစေရန် ရုတ်တရက် ဝင်ကြည့်သင့်သည်။ ရှေးက စိတ်ကောင်းရှိသော ရှင်ဘုရင်များ ရုပ်ဖျက်၍ တိုင်းပြည်ထဲရှိ ပြည်သူပြည်သားများ၏ အခြေအနေမှန်ကိုသိနိုင်ရန် စုံစမ်း သလို စုံစမ်းသင့်သည်။ (အကြံပေးခြင်းမျှသာဖြစ်ပါသည်) ထိုကဲ့သို့ မလုပ်နိုင်သည့်တိုင်အောင် အားလုံးကောင်းပါသည်ဆိုသော စကားများနှင့် အားလုံးကောင်းအောင်လုပ်ပေးထားသည်များကို သတိပြုရပေလိမ့်မည်။ ဘာကြောင့် အားလုံးကောင်းနေပါသနည်း၊ အားလုံးကောင်းအောင် ဘယ်လို လုပ်ထားကြပါသနည်း သိသင့်သည်။

လွန်ခဲ့သည့် တစ်လခန့်က Taxi စီး၍ မြို့ထဲလာခဲ့သည်။ ထို Taxi ကားကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးက ခရီးသည်အသွင်ကိုဆောင်၍ ကုမ္ပဏီပိုင် Taxi များကို ငှားစီးသည်။ Taxi ယာဉ်မောင်းများ ၏ အခက်အခဲများကိုမေးသည်။ ကုမ္ပဏီ၏ မူဝါဒအချို့ကို လက်ခံ လက်မခံ စကားနှိုက်၍ မေးသည်။ အပေါ်နှင့်အောက်ခြေ၏ အဖြစ်မှန်ကိုသိသွားပြီး ယာဉ်မောင်းများသက်သာအောင် လုပ်ပေးခဲ့သည်။ ဤသာဓကကား အောက်ခြေကို ကိုယ်တိုင်ကိုယ်ကျဆင်း၍ ကြည့်ခဲ့သော ရလဒ်တစ်ခုပင်။

တခြားတခြားသော ဌာနများမှ လူကြီးမင်းများလည်း အောက်ခြေကို ကိုယ်တိုင်ကိုယ်ကျ ဆင်း ကြည့်နိုင်လျှင် ကောင်းလေစွဟု ကျွန်တော်ဆုတောင်းမိသည်။ ရန်ကုန်မြို့မှာ ခရီးသည်တွေ တကယ် အဆင်ပြေမှု ရှိမရှိ၊ ရန်ကုန်မြို့တွင်းက လိုင်းကားများကို တစ်ရက်လောက်တော့ စီးစေချင်သည်။ ဘူတာကြီးမှာ တစ်ရက်လောက် လက်မှတ်ဖြတ်စေချင်သည်။ ပြည်သူ့ဆေးရုံများထဲသို့ ရုတ်တရက် ဝင် ကြည့်သင့်ပါသည်။ လမ်းကြောင်းမရှင်းဘဲ ခုံးကျော်တံတား သုံးခုလောက်ကို သာမန်ပြည်သူများလို ဖြတ်ကြည့်စေချင်ပါသည်။

ထိုဒုက္ခများက ပြည်သူများ၏ အခြေခံဒုက္ခများသာ။ ထို့ထက်ဆိုးသော ဒုက္ခတွေက မရေတွက် နိုင်အောင် ရှိနေသေးသည်။ ရဲစခန်းများက ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်ရန် ရဲတပ်ဖွဲ့ဌာနချုပ်မှ အဖွဲ့အစည်းတစ်ခုဖွဲ့စည်းထားသည်ဟု သတင်းတစ်ခုတွင် ဖတ်လိုက်ရသည်။ ထိုရဲစခန်းများကို ရှောင်တခင်စစ်ဆေးခြင်းများနည်းတူ အများပြည်သူကြားထဲသို့ ထဲထဲဝင်ဝင် သိနိုင်ရန်၊ အများပြည်သူ အကျိုးကို ဆောင်ရွက်နိုင်ရန် လူထုမသိသော ရှုထောင့်တစ်ခုမှနေ၍ လေ့လာသင့်ပါသည်။ ခန့်မှန်းခြေ များနှင့် ကျေနပ်၍ မရနိုင်တော့ပါ။

ပွင့်လင်းလာပြီဖြစ်သော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ဟန်ပြလုပ်ဆောင်မှုများ၊ အပေါ် ဖားအောက်ဖိများ။ ရေးရိုးစွဲအကျင့်များ

နိဂုံးချုပ်သင့်နေပြီဖြစ်သည်။ ပြည်သူလူထုသည်လည်း မရိုး မအတော့ပါ၊ ဇာတ်ရည်လည်နေပြီဖြစ်သည်။ ခေတ်ဟောင်းမှ စနစ်ဆိုး အကျင့်ဆိုးများကို မည်သူ့ထံ တွင်မှ အမွေမဆက်ခံစေချင်ပါ။ မကူးစက်စေချင်ပါ။ မည်သူ့ကိုမှ အပြန်အလှန်အပြစ်မတင်စေချင် တော့ပါ။ ညီတူညာတူတွန်းလျှင် ရွှေ့နိုင်သည်ဟု ထင်ပါသည်။

ကျွန်တော်တို့ပြည်သူတွေ ပြဇာတ်ဟောင်းများကို မကြည့်ချင်တော့ပါ။ ဇာတ်လိုက်အမြဲဖြစ်နေ သော မင်းသားများကိုလည်း မကြည့်ချင်တော့ပါ။ ဟိုရွှေ့ဒီရွှေ့ ဖြစ်နေသော စစ်တုရင်ကွင်းထဲမှာ မနေ ချင်ကြတော့ပါ။ ပြဇာတ်ဟောင်းများ ပျောက်ဆုံးစေချင်ပါသည်။ ဒီမိုကရေစီနိုင်ငံမှာ ခုတစ်မျိုး တော်ကြာတစ်မျိုး မှောန်ဆန်ဆန်ပြဇာတ်များကို ကျွန်တော်တို့မကြည့်ချင်တော့ပါ။ ကျေးဇူးပြု၍ ဝိသကြိုနတ်သားများ၏ စကားကို ယုံစားတော်မမူကြပါနှင့်။

**The Daily Eleven သတင်းစာ၊ ဇွန် ၃၀ ရက်၊ ၂၀၁၃။**

***